၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ (၂၃)ရက်။

AEC Perspectives နှင့်ပတ်သက်၍-

ပါရမီ စားပွဲဝိုင်းဆွေးနွေးပွဲအုပ်စုမှ ပထမဆုံးကြိုးပမ်းချက်တစ်ရပ်အဖြစ် AEC Perspectives စာစောင်ကို ဖြန့်ချိလိုက်ပါသည်။ ဤစာစောင်သည် ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်နေ့က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင်ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စုတစ်ခုချင်းစီ၏ ဆွေးနွေးချက်များအပေါ် မူတည်ရေးသားထားပါသည်။ တနည်းအားဖြင့်ဆိုသော် လူထုဗဟိုပြုမှုမှ ရရှိလာသော လူထု၏အသံပင်ဖြစ်ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အဓိကအရေးပါသော အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ (SME) ကို အခြေခံဆွေးနွေး တင်ပြခဲ့ကြပါသည်။ အထူးသဖြင့် SME လုပ်ငန်းများ အတွက်လိုအပ်သော အရင်းအနှီးရရှိစေရေးအတွက် ယခုထက်သက်သာသောအတိုးနှုန်းဖြင့် ငွေချေးယူနိုင်ရေး၊ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်နိုင်ရေးအတွက် ဈေးကွက်ချဲ့ထွင်ရေး၊ သုတေသနပြုလုပ်ရေးအပိုင်းတို့တွင် အစိုးရက ထိရောက်စွာ ကူညီသင့်သည်ဟု ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်မူ SME လုပ်ငန်းများအတွက် နိုင်ငံတော်မှပံ့ပိုးရန်အစီအစဉ်မှာ များမကြာမီကမှစတင်ခဲ့သဖြင့် အခြားသောအာဆီယံနိုင်ငံများကို အမှီလိုက်နိုင်ရန် အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ကြရန် များစွာလိုအပ်မည် ဖြစ်ပါသည်။

အအေးစီ အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် ပေါ်ပေါက်လာသောပြည်သူ့အသံများကို လုပ်ငန်းရှင်များ၊ မူဝါဒ ချမှတ်သူများနှင့် ပညာရှင်များအကြား ပူးပေါင်းအဖြေရှာခြင်းဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းအတွင်း တက်ကြွစွာပူးပေါင်းပြီး နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေလိုသောစေတနာဖြင့် ယခုကဲ့သို့ AEC Perspectives စာစောင်ကို ထုတ်ဝေဖြန့်ချိရခြင်းဖြစ်ပါသည်။ နောင်တွင်လည်း အအေးစီနှင့်ပတ်သက်၍ အများသိသင့်သိထိုက်သည့် အကြောင်းအရာများကို ပညာရှင်များက ဤကဏ္ဍမှတဆင့် ရေးသားတင်ပြ ဖြန့်ချိပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်

**ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု**
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆။ ဖက်စ်- (၀၁) ၂၅၅၁၀၉
Email: info@aec.com.mm
Website: www.aec.com.mm

AEC Perspectives

Round Table PARAMI Series

အာဆီယံစီးပွားရေးအသိုက်အဝန်း

Vol. 1, Issue. 1, July 2013

## အဓိကအချက်များ

မြန်မာနိုင်ငံအတွက် SME များ၏အရေးပါမှု

SME ကုန်ထုတ်လုပ်ငန်း တစ်ခု၏ အတွေ့အကြုံ

SME ဈေးကွက်ချဲ့ထွင်မှု

SME ဘဏ္ဍာငွေရှာဖွေရေး

## ခံယူချက်

အေအီးစီ စားပွဲဝိုင်းဆွေးနွေးပွဲများတွင် မိမိတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော မြန်မာ နိုင်ငံသားတိုင်း ပါဝင်ဆွေးနွေးခွင့် ရှိပါသည်။

အေအီးစီ စားပွဲဝိုင်း ဆွေးနွေးပွဲများကိုမိမိ တို့အကျိုးအမြတ် မျှော်မှန်းခြင်းလည်းမရှိ၊ မည်သည့်နိုင်ငံရေးပါတီ၊ ဘာသာရေး အယူဝါဒတို့၏ လွှမ်းမိုးခြင်းလည်း မရှိသော တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် မြန်မာနိုင်ငံသားများမှ ဦးဆောင် ကျင်းပခြင်းဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ စာမျက်နှာ(၄)ပါ လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

# အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း (SME)

၁၉၉၀ ခုနှစ် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ လုပ်ငန်းတွင်အသုံးပြုသောစက်မှာ မြင်းကောင်ရေအား (၂၅) အောက်၊ စုစုပေါင်းဝန်ထမ်းဦးရေ (၅၀) အောက်၊ ပစ္စည်းပိုင်ဆိုင်မှု ကျပ် (၁) သန်းအောက်နှင့် နှစ်စဉ်အရောင်းပမာဏ ကျပ် (၂.၅) သန်းအောက်ရှိပါက အသေးစားစက်မှုလုပ်ငန်းဟုလည်းကောင်း၊ မြင်းကောင်ရေအား (၂၅) နှင့် (၅၀) ကြားအသုံးပြုပြီး၊ ဝန်ထမ်းဦးရေ (၅၀) နှင့် (၁၀၀)ကြား၊ ပစ္စည်းပိုင်ဆိုင်မှု ကျပ်(၁) သန်းနှင့် (၅)သန်းကြား၊ နှစ်စဉ်အရောင်းပမာဏ ကျပ် (၂.၅) သန်း မှ (၁၀)သန်းကြားရှိပါက အလတ်စား စက်မှုလုပ်ငန်းများဟုလည်းကောင်း၊ သတ်မှတ်ထားပါသည်။

## SME များ၏အရေးပါမှု

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတွင် စွမ်းရည်မြှင့်တင်ပေးသူများ အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်သူများ အဖြစ်လည်းကောင်း၊ အားလုံးပါဝင်ပြီး ဟန်ချက်ညီမျှတသည့်ဖွံ့ဖြိုးတိုး တက်မှု (Inclusive and Balanced Growth) ဆောင်ကြဉ်းပေးသူများအဖြစ် လည်းကောင်း၊ ပိုမိုကြီးမားသောအခန်းကဏ္ဍမှပါဝင်နေကြပြီဖြစ်ပါသည်။ ၂၀၀၁ မှ ၂၀၀၉ ခုနှစ် အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အာရှပစိဖိတ်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတွင် SME များ၏ပါဝင်မှုမှာ (၉၀%)ကျော်ခန့်ရှိပြီး အလုပ်အကိုင် ဖန်တီးပေးနိုင်မှုမှာလည်း SME လုပ်ငန်းများက အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ [၁]

→ စာမျက်နှာ ၂

## အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) အလုပ်ရုံဆွေးနွေးပွဲ

အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်

- အေအီးစီ၏ သွင်ပြင်လက္ခဏာများကို မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တိုင်း သိရှိနားလည်သဘောပေါက်လာကြစေရန်၊
- တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်ပေါ်လာစေရန်အတွက် သိရှိထားသင့်သော အချက်များကို သဘောပေါက်လာကြစေရန်၊
- အေအီးစီ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာမည့်စိန်ခေါ်မှုများနှင့် အခွင့်အရေးများကို ရင်ဆိုင်အနိုင်ယူနိုင် ကြစေရန်၊
- ပညာရှင်များနှင့် လုပ်ငန်းရှင်များအကြား အသိအမြင် ဗဟုသုတ ဖလှယ်နိုင်ရန်၊
- လုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများနှင့် ပညာရှင်များ အကြား ပူးပေါင်းအဖြေရှာခြင်းဖြင့် အေအီးစီကိုအောင်မြင်စွာ ရင်ဆိုင်ပြီး နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန်၊

ပဉ္စမအကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲကို (၁၅-၂-၂၀၁၃) ရက်နေ့က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပခဲ့ရာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တောနှင့်စွမ်းအင် ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး တက်ရောက်ဖွင့်လှစ် ပေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ စုစုပေါင်း (၁၁၈)ဦး တက်ရောက်ခဲ့ကြပြီး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် (၆)ဦး အပါအဝင် ကုမ္ပဏီဝန်ထမ်း(၇၇)ဦး၊ အစိုးရဝန်ထမ်း (၈)ဦး နှင့် မီဒီယာများမှ (၂၇)ဦး ပါဝင်ပါ သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အထောက်အပံ့များလိုအပ်နေသေးသည့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဟူသော ခေါင်းစဉ်အောက်တွင် ဦးစံသိန်း၊ ဦးဇော်သန်း၊ ဒေါက်တာကျော်သူနှင့် ဦးတိုးလှိုင်တို့က အသီးသီးဟောပြော တင်ပြခဲ့ကြပါသည်။ ဒေါ်တင်တင်ထွေးက အေအီးစီအခြေပြုမြေပုံ AEC-Blueprint ကို ပြန်လည်သုံးသပ်ခြင်းနှင့် ဖြစ်ပေါ်လာသော ပြောင်းလဲမှုများကိုတင်ပြပြီး ဦးတင်ချိုမှ အစည်းအဝေးကိုဦးဆောင်ကျင်းပသူအနေဖြင့် အခြားနိုင်ငံများရှိ SME များ၏အရေးပါမှု၊ မြန်မာ့ SME များက ဂရုပြုရမည့် ဝန်ဆောင်မှု အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြသွားပါသည်။

ထိုနောက် အလုပ်ရုံဆွေးနွေးပွဲကို အုပ်စု(၃)ခုခွဲ၍ ဆွေးနွေးကြပါသည်။

## မာဃကုန်ထုတ်လုပ်ငန်းစု

မာဃ ကြိုတင်ပြုလုပ်ထားသော ကွန်ကရစ် (Pre-cast concrete) ထုတ်လုပ်မှုလုပ်ငန်းကို စံပြုကိစ္စ ရပ်တစ်ခုအဖြစ် ဆွေးနွေးခဲ့သောအုပ်စုမှ အောက်ပါသုံးသပ်ချက်များ ထွက်လာပါသည်။

ပုဂ္ဂလိကလုပ်ငန်းအပိုင်း -

- တစ်ဖက်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်မှုများကို ကြိုတင်မေးမြန်း စုံစမ်းမှုပြုလုပ်ရန်၊ အငြင်းပွားမှုများ၊ ဥပဒေအရ ရင်ဆိုင်ရမှုများဖြစ်ပေါ်လာက (Arbitration) မည်သို့ရင်ဆိုင်မည်ကို ကြိုတင်ပြင်ဆင်ထားရန်၊
- Intellectual Property Rights နှင့်ပတ်သက်၍ ကြိုတင်လေ့ကျင့်သင်ယူထားရန်နှင့် စာချုပ်များ လက်မှတ်ရေးထိုးလျှင် IPR နှင့် ပတ်သက်သော စာပိုဒ်များပါဝင်မှုရှိ-မရှိ စိစစ်ရန်၊
- လူငယ်များအနေဖြင့် SWOT ခေါ် လုပ်ငန်းဖြစ်နိုင်ခြေရှိမရှိ စိစစ်နည်းများကို လေ့ကျင့်သင်ယူရန်၊

နိုင်ငံတော်အပိုင်း-

- နိုင်ငံခြားမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ၏ လူမှုရေးထည့်ဝင်ကူညီမှု (CSR)ပေါ်လစီများကို သေချာစွာ စိစစ်ရန်နှင့် CSR မခိုင်လျှင် ရင်းနှီးမြှုပ်နှံခွင့်မပြုရန်၊
- သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း (R&D) ကို တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်စေရန်၊
- ခိုင်မာကောင်းမွန်သော အခြေခံအဆောက်အအုံများ (အင်တာနက်နှင့် ဆက်သွယ်ရေးစနစ်များ အပါအဝင်) တည်ဆောက်ပေးရန်၊
- လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း၊ အလုပ်သင်ကျောင်းများ တည်ထောင်ပေးရန်နှင့် အပြည်ပြည်ဆိုင်ရာမှ လက်ခံသောအောက်လက်မှတ်၊ လိုင်စင်များထုတ်ပေးရန်၊
- ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးသော မျှတသည့် တရားဥပဒေများကို လွှတ်တော်မှ ပြဋ္ဌာန်းပေးရန်၊
- ပြည်ပပြန်ပညာတော်သင်များနှင့် ပြည်ပရောက်မြန်မာများ အမိနိုင်ငံတော်သို့ပြန်လာ၍ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်နိုင်စေရန်အတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်၊

နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း-

- ကောင်းမွန်သော စိတ်ဓါတ်ခံယူချက်၊ နိုင်ငံတော်ကို အကျိုးပြုလိုသော စိတ်ဓါတ်များကို မွေးမြူလေ့ကျင့် ပျိုးထောင်ပေးရန်၊
- ပြည်ပလုပ်ငန်းရှင်များထံမှ အတတ်ပညာ လွှဲပြောင်းယူရေး နည်းလမ်းများဖန်တီးပေးရန်၊
- ရရှိလာသောနည်းပညာများကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်အချင်းအချင်းမျှဝေရန်၊
- ဥပဒေနှင့် နည်းပညာစည်းကမ်းများကို ပိုမိုနားလည်အောင် လေ့ကျင့်သင်ကြားပေးရန်၊
- လွတ်လပ်ပွင့်လင်းမှုနှင့် တာဝန်ခံမှုစိတ်ဓါတ် မွေးနိုင်အောင် လေ့ကျင့်ပေးရန်၊
- ဝန်ဆောင်မှု အရည်အသွေးကို ပိုမိုတိုးတက်အောင် မြှင့်တင်ပေးရန်၊
- စွန့်ဦးတည်ထွင်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန်၊
- သတင်းဖလှယ်မှုနှင့် စုပေါင်းအင်အားထုတ်လုပ်ဆောင်ရွက်ရန်၊

→ စာမျက်နှာ ၃

## SME များ၏စျေးကွက်ချဲ့ထွင်မှု

SME စျေးကွက်ချဲ့ထွင်မှုနှင့်ပတ်သက်၍ ဆွေးနွေးသောအုပ်စုမှ အောက်ပါသုံးသပ်ချက်များ ထွက်ပေါ်လာပါသည်။

ပုဂ္ဂလိကလုပ်ငန်းအပိုင်း-

- SME များအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်သစ်များကို ရှာဖွေဖော်ထုတ်သွားရန်၊
- ပြည်တွင်းထုတ်လုပ်မှုများအတွက် သွင်းအားစုများ ရရှိအောင် ဆောင်ရွက်ရန်၊
- ဝန်ဆောင်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရေး (ဥပမာအားဖြင့် အနီးအနားပတ်ဝန်းကျင် ဒေသန္တရ ခရီးသွား လုပ်ငန်းများ)ကို အားပေးရန်၊

နိုင်ငံတော်အပိုင်း-

- နိုင်ငံတော်အနေဖြင့် မြန်မာ SME များအတွက် ငွေကြေးအရင်းအနှီးအပြင် လိုအပ်သောပညာရပ်များ၊ အတွေ့အကြုံများကို ဖြည့်ဆည်းပေးရန်၊ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ပေးရန် အချိန်ရသေးသဖြင့် မြန်မြန်ဖြည့်ဆည်းပေးရန်၊
- ကြီးမားသောအာမခံပစ္စည်း မတင်နိုင်သော်လည်းအထူးကိစ္စရပ်အနေဖြင့် လုပ်ငန်းတစ်ခုချင်းအလိုက်ဆန်းစစ်ပြီး သက်သာသောအတိုးနှုန်းဖြင့် ငွေချေးပေးရန်၊
- စျေးကွက်သတင်းနှင့် ပတ်သက်ပြီး SME လုပ်ငန်းများနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ပြန်ရန် သီးခြားရုပ်သံလိုင်းတစ်ခုထားပေးရန်၊
- ကုန်ပစ္စည်းထုတ်လုပ်ရာ မူရင်းတိုင်းပြည် (Rules of Origin) အရေးပါမှုကို SME လုပ်ငန်းရှင်များသိစေရန် ထုတ်ပြန်ဆောင်ရွက်ပေးရန်၊

နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း-

- ပြည်တွင်းလုပ်ငန်းရှင် အချင်းချင်းဖြစ်စေ၊ ပြည်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ဖြစ်စေ SMEများနှင့် ပတ်သက်သည့် လုပ်ငန်းပြင်ပမှ ကျွမ်းကျင်သူများ ငှားရမ်း လုပ်ကိုင်နိုင်ခြေ (Outsourcing)များ ဖန်တီးပေးရန်၊
- SME ကွန်ယက်တစ်ခုတည်ထောင်ပြီး အချင်းချင်း အပြန်အလှန် ယိုင်းပင်းကူညီလုပ်ကိုင်ကြသော စနစ်တစ်ခုတည်ဆောက်ပေးရန်၊

## SME ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း

SME ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးသောအုပ်စုမှ အောက်ပါသုံးသပ်ချက်များ ထွက်ပေါ်လာပါသည်။

ပုဂ္ဂလိကလုပ်ငန်းအပိုင်း-

- ငွေကြေးရင်းနှီးမှုအတွက် SME ကွန်ယက်တစ်ခု ထူထောင်ပြီး အချင်းချင်းယိုင်းပင်းကူညီသွားကြရန်၊
- လက်ရှိ (၁၃%)အတိုးပေးရသောဘဏ်များမှ (၈.၅%) သာပေးရသောဘဏ် (SMIDB) သို့ အလွယ်တကူ လွှဲပြောင်းစာရင်းဖွင့်လှစ်ရန်၊

နိုင်ငံတော်အပိုင်း-

- လုပ်ငန်းပိုင် ပုံသေပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများသာမက လုပ်ငန်းတိုးတက်နိုင်စွမ်း အလားအလာကိုပါသုံးသပ်စိစစ်ပြီး ချေးငွေပမာဏကို တိုးမြှင့်ပေးရန်၊
- အတိုးနှုန်းများကို လက်ရှိ (၈.၅%)မှ တဖြည်းဖြည်းလျှော့ချပေးသွားရန်၊
- ငွေချေးသူများဆိုင်ရာ သတင်းအချက်အလက် စုဆောင်းရေးဗျူရို (Credit Information Bureau) နှင့် ချေးငွေအာမခံ ကော်ပိုရေးရှင်း (Credit Guarantee Corporation) များ ထူထောင်ခွင့်ပြုရန်၊
- SME များအတွက် မက်လုံးများကိုပိုမိုဖန်တီးပေးရန် (ဥပမာအားဖြင့် အခွန်သက်သာခွင့် (Tax holiday) ပေးခြင်းများ)လုပ်နိုင်စေရန်အတွက် အခြေအနေကောင်းများဖန်တီးပေးရန်၊

နိုင်ငံတော်နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း-

- နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံစက်မှုကုန်သည်ကြီးများအသင်းချုပ်နှင့် ပုဂ္ဂလိက SME များပူးပေါင်းပြီး ချေးငွေအာမခံကော်ပိုရေးရှင်း (Credit Guarantee Corporation) များတည်ထောင်ပြီး SME များကို ကူညီရန်၊
- စောင့်ကြည့်အကဲဖြတ်သောစနစ် (Monitoring & Evaluation) ဖြင့် စဉ်ဆက်မပြတ်စိစစ်ပြီး စံပြထူးချွန်ဆု (Good Practice Award)များပေးသော စနစ်ထူထောင်ရန်၊

→ စာမျက်နှာ ၄

# နိဂုံး

အာဆီယံနိုင်ငံများ သဘောတူညီခဲ့သော အာဆီယံစီးပွားရေးအသိုက်အဝန်းသည် ၂၀၁၅ ခုနှစ်မှစတင်၍ အသက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးတွင် အထူးအရေးပါသော အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများသည် AEC ဝင်ရောက်လာပါက နိုင်ငံခြား စီးပွားရေးလုပ်ငန်းများနှင့် အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်နေသော အချက်များကို AEC အလုပ်ရုံဆွေးနွေးပွဲများတွင် ထုတ်ဖော်ခဲ့ပါသည်။ တက်ရောက်လာကြသူအားလုံးကပင် AEC ၏အရေးပါမှုကို လက်ခံလာကြပါသည်။ တစ်ချိန်တည်းတွင် SME လုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကနှစ်ဦးနှစ်ဖက်စလုံးဒွန်တွဲပြီး များစွာကြိုးစားဆောင်ရွက်ကြရန် လိုသေးသည်ကိုလည်း ထုတ်ဖော်တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

အထူးသဖြင့် SME လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရေးအတွက် ယခုထက်သက်သာသော အတိုးနှုန်းဖြင့် ငွေချေးယူနိုင်ရေး၊ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်နိုင်ရေးအတွက် ဈေးကွက်ချဲ့ထွင်ရေး၊ သုတေသနပြုလုပ်ရေးအပိုင်းတို့တွင် အစိုးရကထိရောက်စွာ ကူညီသင့်သည်ဟု ဆွေးနွေးခဲ့ကြပါသည်။

အခြားအာဆီယံနိုင်ငံများတွင်လည်း မြန်မာနိုင်ငံနည်းတူ SME ကဏ္ဍတွင် ပြဿနာများရှိပါသည်။ ဥပမာ ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်းများစွာ SME လုပ်ငန်းများ အထောက်အကူရရန် SME ပေါ်လစီနှင့် ဥပဒေများစွာကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့ရာတွင် ယခုတိုင်အောင် ပြဿနာများစွာ တွေ့ကြုံနေရသေးပါသည်။ မြန်မာနိုင်ငံအနေဖြင့်မူ SME လုပ်ငန်းများအတွက်ပံ့ပိုးရန် မကြာသေးမီကမှ စတင်လာခဲ့သဖြင့် အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်ရန် ပို၍ပင် အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

## ပဌမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးခဲ့သောပုဂ္ဂိုလ်များ

**အခမ်းအနားသဘာပတိ**
ဦးတင်ချို (အကြီးတန်းအကြံပေး)
ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု

**"Reporting ERIA's Mid-term Review on AEC Blueprint"**
ဒေါ်တင်တင်ထွေး (အကြီးတန်းအကြံပေး)
ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု

**"SME Financing"**
ဦးစံသိန်း (အကြီးတန်းအကြံပေး)
အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်

**"Market Economy Marketing"**
ဦးဇော်သန်း (အယ်ဒီတာချုပ်)
Eco Echo Journal

**"AEC 2015 and Beyond: Gaining Competitive Advantage For Myanmar Construction SMEs"**
ဒေါက်တာကျော်သူ (စီမံကိန်း အင်ဂျင်နီယာ)
UN Habitat

**"SME Experience"**
ဦးတိုးလှိုင် (ကုမ္ပဏီ ညွှန်ကြားရေးမှူး)
မာယကုန်ထုတ်လုပ်ငန်းစု

အာဆီယံ စီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများ၏ တင်ပြချက်များ၊ ပြုလုပ်ခဲ့ပြီးသော ဆွေးနွေးပွဲများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို www.aec.com.mm တွင် download ရယူနိုင်ပါသည်။

[၁] ၂၂-၁-၂၀၁၃ ကြေးမုံသတင်းစာ၊ နိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ မိန့်ခွန်း။


**AEC Perspectives**

ဤစာစောင်ကို ပါရမီ စားပွဲဝိုင်းဆွေးနွေးပွဲအုပ်စုမှ တာဝန်ယူထုတ်ဝေခြင်းဖြစ်ပါသည်။
မူပိုင်ခွင့်မှာ သက်ဆိုင်ရာ ဟောပြောပို့ချသော ပညာရှင်များနှင့်သာ သက်ဆိုင်ပါသည်။



ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုအနေဖြင့် ဤစာစောင်တွင် ပါဝင်သောအတွေးအမြင်ယူဆချက်များအတွက် တာဝန်မရှိပါ။ သက်ဆိုင်ရာ ပညာရှင်တစ်ဦးစီနှင့်သာ သက်ဆိုင်ပါသည်။ ဤစာစောင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှကူးယူ အသုံးချခွင့်မရှိပါ။ ဝေဖန်ချက်၊ အကြံပြုချက်များကို အမြဲလက်ခံ ကြိုဆိုပါသည်။



**ဆက်သွယ်ရန်လိပ်စာ**
ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆
ဖက်စ်- (၀၁) ၂၅၅၁၀၉
Email : info@aec.com.mm
Website : www.aec.com.mm



ထုတ်ဝေသူ - ဦးအောင်မြတ်မိုး(ယာယီ/၁၉၇၆)၊ ဖြန့်ချိရေး - AEC Perspectives စာပေ။